
THE
TWINS
(Chapter-2)

အပိုင်း (၆)

အိမ်မကြီးတံခါးပွင့်ပြီး အဖေထွက်လာတာကို ကျမတွေ့တယ် ... အပေါက်ဝမှာ ခဏရပ်နေရင်း အထဲကို စကားလှမ်းပြောနေတဲ့ အဖေ့မျက်နှာက သုန်မှုန် ညစ်ညူးနေလိုက်တာ ...

ကျောက်စရစ်လမ်းဘေးတစ်လျှောက်က သစ်ခွစင်တွေကြားမှာ ညနေနေဝင်ရီတရော မိုးမှောင်မှောင်ထဲ ကျမကို ဘယ်သူက မြင်မှာတဲ့လဲ ...

ဘာတွေများ အလိုမကျသလဲ အဖေ ...

ခဏနေတော့ ခြံဝက ဖိုးသောကြာတို့တဲဘက်ကို အဖေထီးဆောင်းပြီး ထွက်သွားတယ် ...

ဘာလဲ ... ကျမလာလိမ့်မယ်လို့ အဖေ့သမက်က လှမ်းပြောလို့ ကျမကို အရှုးလိုဆီးဖမ်းဖို့ တပည့်တွေ သွားခေါ်တယ်ပေ့ါလေ ...

ကျမတို့ ညီအမက ဒီမြေပေါ်မှာ ကြီးလာတာ အဖေရဲ့ ... ဒီမြေ သုံးဧကမှာ ဘယ်နားမှာ ဘာပင်ဆိုတာကအစ ကျမ အကုန်အလွတ်ရတယ် ...

မနေ့တစ်နေ့ကမှ ခြံထဲရောက်တဲ့ အဖေ့တပည့်တွေမမြင်အောင် ခြံထဲဝင်လာရတာ ထမင်းစားရတာထက်တောင် လွယ်သေး ...။

အိမ်ထဲမှာ ဘယ်သူကျန်သလဲ ... ဒေါ်လေးမကြွေတို့လား၊

သူတို့လား ကျမလုပ်ချင်တာကို တားဝံ့မှာ ....

နေပါအုံး ... နေပါဦး အခုညီမလေး အသံကို ကျမကြားပြီ ...

ညီမလေး အပေါ်ထပ်မှာ မဟုတ်လား၊ အဖေ့ အောက်လမ်းဆရာတွေ ကျ

မညီမလေးကို နှိပ်စက်နေကြတာ မဟုတ်လား ...။

ညီမလေးရဲ့ ညည်းတွားငိုကြွေးသံက ကျမနားထဲမှာ အနီးကပ်လာငိုနေသလိုကို ပီသလွန်းလှတယ် ...

ကျမခြေထောက်ကလည်း တဖြည်းဖြည်းပေါင်အထိ ကိုက်ခဲလာတယ် ... အဲဒီအနာထက် ညီမလေးရဲ့ညည်းသံက ကျမကို ပိုနာစေတာပါပဲ ....။

''တောက် ...တွေ့မယ်''

***

ဝဝဖိုင့်ဖိုင့်နဲ့ ဆီကုန်သည်ဟာ လှေကားရင်းမှာထိုင်ပြီး တံခါးမကြီးကို မမိုတ်မသုန် စိုက်ကြည့်နေတယ် ... အဲဒီကနေ ကျမက တံခါးခေါက်ပြီး ဝင်လာမယ်လို့ ထင်နေရှာတယ်နဲ့တူပါရဲ့ ...

သူ့နောက် ဆယ်ပေလောက်မှာ ကျမရပ်နေတာကို လုံးဝသိပုံကိုမပေါ်ဘူး ...၊

အနောက်တံခါးပိတ်ပြီး လုံလှပြီထင်နေတဲ့ မကြွေတို့အုပ်စုကတော့ နောက်ဖေးက ဘေစင်ခုံပြတင်းပေါက်ကို နောက်ဖေးဆောင်နဲ့ ကပ်လျက်သီဟိုဠ်မှုကိုင်းကနေခိုပြီး ကျမလျှိုဝင်လာတာကို ပါးစပ်အဟောင်းသားနဲ့ ကြောင်ကြည့်နေခဲ့ကြတာ ...

ဟုတ်တယ်လေ ... ဆံပင်ဖားလျား၊ ရွံ့တွေအလိမ်းလိမ်း ထော့နင်းထော့နင်းနဲ့ လူရုပ်ပျောက်နေတဲ့ကျမကို သူတို့မြင်ပြီး မေ့လဲမသွားကြတာ တော်လှပြီ ...၊

မီးဖိုခုံက သားလှီးဓားကို ဆတ်ခနဲလှမ်းဆွဲပြီး သူတို့ကို ရေချိုးခန်းထဲဝင်ဖို့ အမူအရာပြလိုက်တာနဲ့ အလုအယက် တိုးဝင်ကြတော့တာပဲ ...

အသံထွက်တဲ့လူကို ငါကိုယ်တိုင် လျှာဖြတ်မှာလို့ တစ်ခွန်းပဲမှာပြီး အပြင်

က ဂျက်(ချက်)ချခဲ့တယ် ...

အခုထိ အပ်ကျသံတောင် မကြားရတော့ဘူး ...။

အိမ်ရှေ့ဆောင်ကို ကူးလိုက်တာနဲ့ အပေါ်ထပ်က ဆူညံ ဆူညံအသံတွေ ကြားတယ်။

ညီမလေး ငိုသံကလည်း ကျမနားထဲမှာ ပိုပိုပြီး ကျယ်လာနေတယ် ...။

ဆီကုန်သည်က အပေါ်ထပ်က တဒုန်းဒုန်းသံတွေ အောက်လမ်းဆရာရဲ့ ငေါက်ငမ်းသံတွေ ကျယ်လာလို့ ထင်ပါရဲ့ မတ်တတ်ထရပ်ပြီး အပေါ်ကို မော့ကြည့်နေတယ် ...

ဆောင်ကူးလမ်းကြားကနေ သူ့ကိုကြည့်နေတဲ့ ကျမနဲ့အခုဆို မျက်နှာချင်းဆိုင် ဆယ်ပေလောက်ပဲ ခြားတော့တယ် ...

အပေါ်မှာ ပွက်လောရိုက်နေပြီ၊ ညီမလေး ရှန်းကန် အော်ဟစ်နေတဲ့အသံ က ကျမကို ပိုပြီး သွေးဆူစေတယ် ...

ဆီကုန်သည်က အပေါ်ထပ်ကို မျက်နှာလွှဲပြီး ကျမဘက် မျက်နှာလှည့်လာ တယ် ....

သူမြင်သွားပြီ ...၊

မှိန်ပျပျ မီးညနေစောင်း အလင်းရောင်အောက်မှာ ဆောင်ကူးလမ်းကြား ကနေ လူရုပ်မပေါ်အောင် ရွှံ့တွေပေ ရေတွေရွှဲနေတဲ့ ... ဆံပင်ဖားလျားနဲ့ ဓားတစ်ဖက်က ကိုင်ထားတဲ့ကျမကို ရုတ်တရက် မြင်လိုက်ရတော့ သူရဲ သဘက်နဲ့ ပက်ပင်းတိုးလိုက်ရသူလို သူ့မျက်နှာဟာ ဖွေးဆုပ်တက်သွား တယ် ...

ကျမက သူ့အလစ်ကိုချောင်းရင်း ရှေ့ခန်းကိုတစ်လှမ်းချင်း ထွက်အလာ ... သူက ကျမကို မျက်နှာမလွှဲရဲဘဲ ကိုယ်ကို လိုက်လှည့်ကြည့်နေရင်း လှေကား

ကို တည့်တည့်မျက်နှာမူတဲ့ အနေအထားမှာ ကျမရပ်လိုက်တယ် ...

သူက ဆတ်ခနဲ တုန်တက်သွားပြီး .... အနောက်ဆောင်ဘက်ကို လှမ်းအော်ဖို့ ပြင်တာမှာ ကျမက ဓားဦးကို သူ့ဘက်ချိန်ရင်း လက်ညှိုးကို နှုတ်ခမ်းရှေ့ကပ်ပြလိုက်တော့ သကောင့်သားကြီးအသံက လည်ပင်းမှာတစ်ပြီး ထွက်မလာတော့ဘူး ...၊

အပေါ်မှာ တော်တော် ဝုန်းဒိုင်းကြဲနေပြီမို့ ကျမက ရှေ့ကို ဆက်တိုးလာတော့ သူက လက်ကိုကာရင်း တုန်နေတဲ့အသံကို ထိန်းပြီး..

''မတက်ရဘူး ကလေး ... တက်လို့မရဘူး'' လို့ပြောတယ် ...

ကျမဒီလူကို ဓားနဲ့မထိုးချင်ဘူး ... ကျမဘယ်သူ့ကိုမှ အသားနာအောင် မလုပ်ချင်ဘူး ... ကျမ ညီမလေးကို ခေါ်ပြီး အဝေးကြီးကိုပဲ ထွက်သွားချင်တာ ...

ဘာကြောင့်များ ကျမတို့ကို အတင်းခွဲနေကြတာလဲ ... ဘာကြောင့်လဲ ...

ရင်ခေါင်းထဲမှာ ဒေါသက တရိပ်ရိပ် တက်လာပြီး ...

''ဖယ်စမ်း'' လို့ ကျမ ကြုံးအော်ချထည့်လိုက်တယ် ...

အဲဒီခဏမှာပဲ ကျမ သတိလက်လွတ် ကျောပေးထားလိုက်မိတဲ့ အိမ်မကြီး တံခါးကို အပြင်ကနေ တဒုန်းဒုန်းထုရင်း ...

''တံခါးဖွင့် ... တံခါးဖွင့်ကြစမ်း ... မီးမီးအထဲမှာလား ...'' ဆိုတဲ့ ကိုဦးအသံကို ကျမကြားလိုက်ရတယ် ...

ရုတ်တရက် တံခါးမကြီးကို လှည့်ကြည့်ပြီး ကျမ ကြောင်နေတုန်း ဆီကုန်သည်က ကျမကို နောက်ကနေ အတင်း ဝင်ချုပ်တော့တာပါပဲ ... သားလှီးဓားက ကြမ်းပေါ်ကို လွတ်ကျသွားတယ် ...

ဆီကုန်သည်ရဲ့ပါးစပ်ကလည်း ...

''ရိုက်ဖွင့်လိုက်ဟေ့ ... ရိုက်ဖွင့်လိုက်တော့'' လို့ အပြင်ကလူတွေကို အော်ပြောနေတော့တယ် ...

ချောင်ပိတ်ခံလိုက်ရတဲ့ ကျမဟာ ကျမကိုယ်ကျမတောင် အံ့သြရလောက်အောင် သန်မာလှတယ် ...

ဆီကုန်သည်ဟာ အာခေါင်ခြစ်အော်ရင်း အတင်းရုန်းနေတဲ့ ကျမကို ထိန်းချုပ်နိုင်အောင် မနည်း ကြိုးစားနေရတယ် ...

အောက်ထပ်က ကျမအော်သံကြောင့် အပေါ်မှာလည်း အော်သံတွေ တစ်ခုခုကျကွဲသံတွေ အော်ဟစ် ငေါက်ငမ်းသံတွေ ပိုဆူလာတယ် ...

နောက်ကချုပ်တဲ့ ဆီကုန်သည်ဟာ အရပ်ပုတော့ ကျမခေါင်းကိုအရှိန်နဲ့ လှန်ချလိုက်တာနဲ့ သူ့နှာခေါင်းကို ခွပ်ခနဲ ဆောင့်မိတော့တာပါပဲ ... သူဟာ ကျမကို လွှတ်ပေးလိုက်ရပြီး မျက်နှာကိုအုပ်လို့ ဖင်ထိုင်ကျသွားတဲ့အချိန် ကျမဟာ ခုနကျခဲ့တဲ့ဓားကို ကောက်ကိုင်ပြီး သူ့ဆီတည့်တည့် ပြေးဝင်သွားတော့တယ် ...

ကျမဓားဦး သူ့ရင်ညွှန့်စီမရောက်ခင် နောက်က တံခါးမကြီး ဝုန်းကနဲ ပွင့်သွားသံနဲ့အတူ လူတွေဝင်ချလာပြီး ကျမကို အတင်းဆွဲ ဝင်လုံးပြီး ဝိုင်းချုပ်ကြတော့တာပါပဲ .... လူသံသူသံတွေ အဖေ့လက်စွဲ ဒိုဘာမင်ကြီးတွေရဲ့ ဟောင်သံ အူသံတွေ ပစ္စည်းကျကွဲ ပြိုလဲသံတွေနဲ့ ကျမတို့အိမ်ဟာ ငရဲပွက်နေသလို ...

အပေါ်ထပ်က ညီမလေးရဲ့ ကျမကို အော်ဟစ်ခေါ်နေသံကလည်း ကျမမှာ နားကွဲမတတ်ပါပဲ ...

သာမန် အရပ်အမောင်း အရွယ်အစားနဲ့ ခြေတစ်ဖက် ဒဏ်ရာရနေတဲ့ ကျမကို ယောက်ျားကြီး ဆယ်ယောက်လောက် ဝိုင်းချုပ်တာတောင် နွားရိုင်းကို

လက်ဗလာနဲ့ချုပ်သလို ညှော်ခန်းတစ်ခုလုံး ဝုန်းဒိုင်းကြဲ ပြိုလဲ ...

နောက်ဆုံး ကျမမျက်နှာကို တည့်တည့်ဝင်လာတဲ့ လက်သီးတစ်ချက်ကြောင့် ကျမရုတ်တရက် အားပျော့သွားတဲ့အချိန် အတင်းဝိုင်းဖိလို့ ကြမ်းပေါ်လှဲချလိုက်ကြပြီး မျက်နှာကို စောင်းကိုင်ထားခံရတုန်း လည်ပင်းဘေးက စူးကနဲခံစားချက်ကြောင့် ကျမအတင်း ရုန်းလှည့်ကြည့်လိုက်တော့ ဆေးထိုးအပ်ကိုင်ထားတဲ့ ကိုဦး ...

''ကိုဦး ....''

ဒေါသထွက်တာ သနားကရုဏာသက်တာ ထိတ်လန့်ပူပန်တာတွေ တစ်စုတစ်စည်းထဲ အရိပ်ထင်နေတဲ့ ကိုဦးမျက်နှာဟာ ကျမ မျက်လုံးထဲမှာ တဖြည်းဖြည်း ဝေဝါးလာတယ် ...

အားလုံးက ကျမကို ဖိထားရင်း ငုံ့ကြည့်နေကြတယ် ...

''အသာလေးမလာခဲ့ ခြေထောက်ကို သတိထား'' လို့ အဖေအော်နေသံကို ကြားနေရတယ် ...

တစ်စုံတစ်ယောက်က ပျော့ခွေသွားတဲ့ ကျမကို ပွေ့ချီလိုက်တယ် ...

ကျမနားထဲမှာ ''မမ ... မမ ...မမ'' နဲ့ ညီမလေးခေါ်နေသံဟာ နီးလာလိုက် ဝေးသွားလိုက် ...

''မမရေ ငါ့ကို လာကယ်ပါ ....''

ကျမ ညီမလေးဆီ သွားရမယ် ...

ကျမ ညီမလေးကို လာကယ်တာပါ ...

ညီမလေးကို လွှတ်ပေးလိုက်ကြပါ ...

ကျမတို့ကို လွှတ်ပေးကြပါ ... တောင်းပန်ပါတယ် ...

ကျမ အသံမထွက်နိုင်တော့ ... ကြိုးစားပြီး ရုန်းထပေမဲ့ ကျမခန္ဓာကိုယ်

ဟာ ကျမရဲ့ထိန်းချုပ်မှုအောက်မှာ မဟုတ်တော့သလို … လေးလံပတ်ဝန်းကျင်ဟာ မြန်မြန်ဆန်ဆန် မှောင်ကျလာနေတယ် … မိုးချုပ်သွားပြီလား …

"မမ … ထထ … ယုန်သွားဖမ်းရအောင်"

"ငါ့ကို ရိုက်နေကြတယ် မမရယ် …"

ညီမလေး စကားသံလေးတွေဟာ ကျမနဲ့ ဝေးရာကို တိုးပြီး တိမ်ဝင်သွားနေတယ် …

"မမ …"

ညီမလေးရဲ့ရှိုက်သံလေး ဟင့်ကနဲ … နောက်မှာ

ကျမမျက်လုံးထဲကို အမှောင်ထုကြီး ပြိုကျလာတော့တယ် …

"ငယ်ငယ်ရေ … ငါ့ကိုခွင့်လွှတ်ပါဟာ"

***

အိပ်ရာပေါ်ပက်လက် ငြိမ်သက်စွာ လဲလျောင်းနေတဲ့ ဇနီးသည်ရဲ့အသက်ရှူသံမှအပ အခန်းသည် တိတ်ဆိတ်လျက်၊

သူ့အဖေ ထိုးချလိုက်သဖြင့် နှာရောင်မှာ ညိုမည်းရောင်ကိုင်းလျက်ရှိသော ဒဏ်ရာနှင့် သူမမျက်နှာလေးမှာ ကရုဏာသက်စဖွယ်၊

လက်မောင်းသားများ လက်ဖျံများပေါ်တွင် သွေးစို့ထားသည့် ခြစ်ရာ ပွန်းရာများကို ဘယ်နှချက်များ ထိသွားသလဲဟု သူ လိုက်ရေတွက်နေမိ၏။

မျက်မြင်ကိုယ်တွေ့မှ မဟုတ်ခဲ့လျှင် ယခု သူ့ရှေ့၌ သတိလစ်နေရှာသော နုနုငယ်ငယ် မိန်းကလေးသည် ကုန်ခဲ့သော တစ်နာရီခန့်က ယောကျ်ားရင့်မာကြီး ဆယ့်ငါးဦးဝိုင်းချုပ်၍ မနိုင်အောင် ဝုန်းဒိုင်းကြဲ သောင်းကျန်းခဲ့သည့်အဖြစ်မှာ ယုံနိုင်ဖွယ်ပင် မရှိချေ။

သူသည် ပါရဂူဘွဲ့ရ စိတ်ပညာအထူးကု ဆရာဝန်တစ်ယောက်ဖြစ်၏။

သို့သော် အရပ်ခြောက်ပေခန့်ရှိမည့် သူ့ထက်ပင် လူလုံးလူဖန်ကြီးသေးသည့် မြင်းထိန်း စောတာလူးအား ဤမိန်းမငယ်က လည်ပင်းကကိုင်ကာ ပေနှစ်ဆယ်ကျယ်သော အခန်းတစ်ဖက်ရောက်သည်အထိ လွင့်စဉ်သွားအောင် ဆောင့်တွန်းပစ်လိုက်ပုံကို ဆေးသိပ္ပံပညာဖြင့် မည်သို့ သရုပ်ခွဲရမည်ကို သူ နားမလည်နိုင်အောင်ပင်။

ထိုအချိန်က လူရုပ်ပျောက်နေသည့် သူမ၏ အသွင်အပြင် ... သားရဲတိရစ္ဆာန်အလား ဖျတ်ဖျတ်လက် တောက်ပနေသော မျက်လုံးများ ... သွေးနှစ်ပုလင်းမက ဆုံးရှုံးထားလျက်က ယခုလောက် သန်မာလှသည့် ခွန်အား .... သူမအား သူတို့ ဝိုင်းချုပ်ဖမ်းကြစဉ်က အပေါ်ထပ်မှ နာနာကြည်းကြည်း အော်ဟစ်လိုက်သော လူသံနှင့်လားလားမျှ မနီးစပ်သည့် အသံနက်ကြီး ... သူမျက်စိနှင့်မြင်ခဲ့ရသမျှ သူ့နားက ကြားခဲ့ရသမျှသည် သူ တတ်သည့်ပညာနှင့် အဖြေမထုတ်နိုင်သည့် အခြား လောက၏ တစ်စိတ်တစ်ဒေသပေလော ...။

လူ့စိတ်သည် ဆန်းကြယ်လှပေသည် ... မိမိသည် စိတ်ဝေဒနာသည်များနှင့် ပတ်သတ်လာလျှင် ကျွမ်းကျင်လှပေသည်ဟု ထင်ထားခဲ့မိသမျှ ယခု ဇနီးသည်၏ အဖြစ်ကိုတွေ့မှ ငါဘာမှ မသိသေးပါကလားဟု သူခံစားနေရသည်၊ သူကြိုးပမ်းအားထုတ် ကုသခဲ့သမျှသည် သူမအား မည်သို့မျှ ကူညီရာမရောက်ခဲ့သည့် အဖြစ်ကိုလည်း သူအလွန် စိတ်ထိခိုက်လှချေသည်။

သူအတွေးထဲမှာ နစ်နေစဉ် အခန်းတံခါး ပွင့်လာကာ မကြွေ မျက်နှာပေါ်လာ၏၊

''ရှင်းလင်း လှည်းကျင်းနေရလို့ ခုမှလာရတယ်၊ ညှော်ခန်းက ကျွဲဝင်ခတ်သွားသလိုပဲ ... ဘာလိုသေးလဲ ဒေါက်တာ ... ရေနွေးရော''

''ရတယ် ဒေါ်လေး ... ပြည့်စုံပါပြီ ... အပန်းမကြီးရင်တော့ ကျနော် ကော်ဖီတစ်ခွက်လောက် ရချင်ပါတယ် ခင်ဗျာ''

မကြွေက ခေါင်းတညိတ်ညိတ်ဖြင့်

''ခု ဖျော်လာပေးမယ်နော်'' ဟုပြောကာ တံခါးကို အသာပြန်ပိတ်သွား၏။

အပြင်မှာ မိုးစဲချေပြီ။

သူဇနီးသည်၏ နဖူးကို တစ်ချက်စမ်းပြီးနောက် ခုံပေါ် ကျောမှီထိုင်ချလိုက်ချိန်တွင် ဆရာကံဆိုသူကို လာကြိုသည့် Light Truck လေး ခြံထဲဝင်လာသည်ကို အနီးရှိ ပြတင်းမှမြင်လိုက်ရလေသည်။

***

''အကြီးမအတွက်က ... ကျနော် ဘာဆက်လုပ်ရမလဲ ဆရာကံ ...''

ဦးစိုးဝေက ကားတံခါးဘေးမှာ ရပ်နေရင်း မေးလိုက်သည်။

ဆရာကံက မျက်မှန်ကို တစ်ချက်ပင့်လိုက်ရင်း ...

''သမက်လုပ်သူက ဆရာဝန်မို့လား ... ကောင်းသွားမှာပါ၊ အချိန်တော့ ယူရမှာပေ့ါ'' ဟုဖြေ၏။

''ဒီဟာကရော ... အပေါ်မှာတော့ ကြမ်းခင်းဆင့်တန်းတွေတောင် ကျိုးတယ်၊ တော်တော် ကြမ်းတာပဲဗျ'' ဟု ဦးစိုးဝေကပြောသည်။

''အမှန်ဆို ဒီလောက်မဖြစ်ဘူးဗျ ... ငြိမ်နေပြီ၊ ခြံထဲကို အကြီးမရောက်နေကထဲက သူကသိတယ် ... အတင်းရုန်းတော့တာ၊ အောက်ထပ်မှာ ခင်ဗျားတို့ အကြီးမကို ဝိုင်းချုပ်ကြတဲ့အချိန်၊ အဲဒီကလည်းအော်ရော အတင်းရုန်းပြီး ကျုပ်တပည့်ကို ကိုင်ပေါက်လိုက်တာ ကံကောင်းလို့ ဇက်မကျိုးတာပဲ ... ဒါပေမဲ့ နောက်ဆုံးတော့လည်း ဒီထဲပါလာရတာပါပဲ ... ကျုပ်က ဆရာတစ်ဆူပဲလေဗျာ'' ဟု လက်ထဲက ယောတဘက်ဖြင့်ပတ်ထားသည့် မြေအိုးကို

ပုတ်ပြရင်း ဆရာကံက ခပ်ကြွားကြွား ဆိုလေသည်။

တပည့်နှစ်ယောက်မှာတော့ ပင်ပန်းလှသဖြင့် Light truck ကားနောက်ခန်းတွင် လဲလျောင်းလျက် ရှိကြလေ၏။

ဦးစိုးဝေက ခေါင်းကို တချက်ညိတ်ရင်း ...

''သင့်တော်ရာတော့ ပို့ပေးပါခင်ဗျာ ... ကျနော်လည်းအမြဲ မေတ္တာပို့ အမျှဝေမှာပါ'' ဟု နှမ်းလျစွာ ဆိုရှာလေသည်။

''ကောင်းပါပြီ ... ကိုင်း တစ်ညလုံး မောင်းရဦးမှာ ခွင့်ပြုပါဦး''

ဆရာကံက မျက်မှန်ကို ပင့်ရင်း နှုတ်ဆက်မဆုံးခင်မှာပင် ကားဆရာက စက်နှိုးလိုက်လေသည်။

***

အမှောင်ထဲ တိုးဝင်သွားသည့် Light Truck ၏နောက်မီးနီနီကလေးကို မျက်စိတစ်ဆုံးကြည့်ပြီး ဦးစိုးဝေ ခြံထဲပြန်ဝင်လာချိန်တွင် ဖိုးသောကြာတို့ တဲရှေ့ကွပ်ပျစ်၌ ခြေပစ်လက်ပစ်ထိုင်နေသည့် ကိုသိန်းလွင်ကို တွေ့သည်နှင့် သူပါ ဝင်ထိုင်လိုက်လေသည်။

ဖိုးသောကြာက အလိုက်တသိပင် လက်ဖက်ရည်ကြမ်းတစ်အိုး လာချပေး၏။

''ကျုပ် စိတ်မကောင်းပါဘူး ကိုသိန်း ... တောင်းပန်တယ်ဗျာ''

ဦးစိုးဝေက ကိုသိန်းလွင်ကို ကြည့်ရင်း ပြောသည်။

''ဘာကိုတုန်းဗျ''

''ကျုပ်သမီး ခင်ဗျားကို လုပ်လိုက်တဲ့ကိစ္စပေါ့ဗျာ ...''

ကိုသိန်းလွင်က အလွန်အားနာနေပုံရသည့် ဦးစိုးဝေကို ကြည့်ရင်း ...

''ကျုပ် ကိုယ်ချင်းစာပါတယ်ဗျာ ... အဆင်ပြေသွားမှာပါ ...တခြားဟာတွေ စိတ်ထဲမထားပါနဲ့ ဗိုလ်စိုး ... အကြီးမလေးရဲ့ ကျန်းမာရေးသာ အာရုံထားပါဗျ'' ဟုကွမ်းတစ်ယာကို ထည့်ဝါးရင်း ပြော၏။

ဦးစိုးဝေက ...

''ခြေထောက်က ကိုးချက်ချုပ်လိုက်ရတယ် ကိုယ့်လူ ... သွေးကြောမကြီးနဲ့ နည်းနည်းလေးပဲ လိုတော့တယ် ဆိုလားပဲ၊ သွေးလည်းသွင်းထားတယ် ... သတိတော့ မလည်လာသေးဘူး ... သူ့ယောက်ျား စောင့်ကြည့်နေတယ်လေ .... တစ်ပတ်လောက်တော့ လင်မယားနှစ်ယောက်လုံး ကျုပ်မျက်စိရှေ့ပဲ ခေါ်ထားလိုက်ဦးမယ်ဗျာ'' ဟုပြောလေသည်။

''ကောင်းပါတယ် ... အမေကြီးကိုလည်း သွားတောင်းပန်ခေါ်ချေပါဗျာ ... ခင်ဗျား ငရဲရနေပ့ါမယ် ... ကျုပ်အဖို့ရာလည်း အခန်းပြင်ခိုင်းပေးဦးဗျ ... မှောင်နေပြီ ... ပြန်ဖို့မရဲတော့ဘူး'' ဟုသူဆက်ပြောတော့ ဦးစိုးဝေက ရယ်၏။

''ဖြစ်မှဖြစ်ရလေကွာ ... ''

''ဘာတုန်းဗျ ... မကြွေတို့ထက်တော့ ကျုပ်က သာပါသေးတယ်ဗျာ ... ခင်ဗျားနှယ်''

'' ... ... ... ... ...''

မှုန်ပျပျ ခြံမီးရောင်အောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း သူတို့ ခဏတော့ ရယ်မိကြလေသည် ...။

***